ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

<u>အမိန့်ကြော်ငြာစာအမှတ် - ၄ / ၁၉</u>
၁၃၅၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
( ၁၉၈၉ ခု၊ အောက်တိုဘာလ ၁၆ ရက် )

## နိဒါန်း

နိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (က) အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါလုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို နိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသောစကားရပ်များသည် နိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် —

(က) <u>ဥပဒေ</u> ဆိုသည်မှာ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကိုဆိုသည်၊

(ခ) <u>အခြားငါးလုပ်ငန်းရေပြင်</u> ဆိုသည်မှာ နိုင်ငံခြားငါးဖမ်းရေယာဉ်များအားငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်သီးသန့်စီးပွားရေးဇုန်

မှာပမြန်မာနိုင်ငံငါးလုပ်ငန်း ရေပြင်အတွင်းရှိငါးလုပ်ငန်း ရေပြင်တစ်ခုခုကိုဆိုသည်၊

(ဂ) <u>ဦးစီးဌာနမှူး</u> ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်နယ်၊တိုင်း၊မြို့နယ်စု၊မြို့နယ်ဦးစီးဌာနမှူး တို့ကိုဆိုသည်၊

(ဃ) <u>စစ်ဆေးရေးအဖွဲ့</u> ဆိုသည်မှာ နိုင်ငံခြားငါးဖမ်းရေယာဉ်၊ ရေယာဉ်ပေါ်ရှိပစ္စည်းများ၊ ရေယာဉ်ပေါ်လိုက်ပါလာသူများအားဤဥပဒေအရလည်းကောင်း၊အခြားတည်ဆဲဥပဒေများအရလည်းကောင်းစစ်ဆေးနိုင်ရန်ဦးစီးဌာနက ဖွဲ့စည်းပေးသည့်အဖွဲ့ကိုဆိုသည်၊

(င) <u>ငါးဖမ်းကွက်</u> ဆိုသည်မှာမြန်မာနိုင်ငံ ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းရန် ဦးစီးဌာနက သတ်မှတ်ခွင့်ပြုသည့် နေရာဒေသ ကိုဆိုသည်၊

(စ) <u>ရေယာဉ်</u>ဆိုသည်မှာ နိုင်ငံခြားငါးဖမ်းရေယာဉ်ကိုဆိုသည်၊

(ဆ) <u>အခြားကျသင့်ငွေများ</u> ဆိုသည်မှာအစိုးရဌာနတစ်ခုခုကိုဖြစ်စေ၊ အစိုးရလက်အောက်ခံအဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ ပေးရန်ရှိသောအခွန်အခများ၊ ရေယာဉ်ထိန်းသိမ်းစောင့်ရှောက်ခ၊ သယ်ယူပို့ဆောင်စရိတ်၊ အခြားပေးရန်ရှိသောအခွန်အခများ နှင့်ကုန်ကျစရိတ်စသည်များကိုဆိုသည်။

## အခန်း ( ၂ )

## ငါး ဖမ်း ကွက်သတ်မှတ် ပေး ခြင်း

[illegible] နိုင်ငံခြား ငါး ဖမ်း ရေယာဉ်များ သည်သီး သန့်စီး ပွား ရေး ဇုန် [illegible] သတ်မှတ် ပေး သော ငါး ဖမ်း ကွက်များ တွင်သာ ငါး ဖမ်းရမည်။ ဝန် ကြီး [illegible] ညွှန်ကြား ရေးမှူး ချုပ်၏ အထူးခွင့်ပြုချက် ရရှိမှသာလျှင်အခြားငါးလုပ်ငန်း [illegible] ငါး ဖမ်း ခွင့်ရှိသည်။

အပိုဒ် ၃ အရ ညွှန်ကြား ရေး မှူး ချုပ်က ငါး ဖမ်း ကွက်သတ်မှတ်ပေးရာ [illegible] အောက် ပါအတိုင်း ဦး စား ပေး ရမည် —

( က ) ပြည်ပမှ နိုင်ငံခြား သား တစ်ဦးဦး နှင့်ပြည် ထောင်စုမြန်မာ နိုင်ငံ တော်အစိုး ရဌာနတစ်ခုခု သို့မဟုတ် အစိုး ရလက်အောက် ခံအဖွဲ့အစည်း တစ် ရပ် ရပ်တို့ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း ၊

( ခ ) ပြည်ပမှ နိုင်ငံခြား သားတစ်ဦး ဦး နှင့်မြန်မာနိုင်ငံ သား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့် ရ သူ တစ်ဦး ဦး တို့ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း ၊

( ဂ ) ပြည်ပမှ နိုင်ငံခြားသားတစ်ဦးတည်းလုပ်ကိုင်သည့်လုပ်ငန်း ။

## အခန်း(၃)

## လိုင်စင်ရယူခြင်း

၇။ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ရေယာဉ်တစ်စီးချင်းအတွက် ပူးတွဲပါပုံစံ(က)၊ (က-၁)တို့တွင်ပြည့်စုံစွာဖြည့်စွက်၍ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။ ထို့ပြင် အောက်ပါအချက်အလက်များနှင့် စပ်လျဉ်း၍ လျှောက်ထားရန်ရှိပါက ပုံစံ(က)၊ (က-၁)တို့နှင့်ပူးတွဲ၍သီးခြားဖော်ပြရမည် —

(က) မြန်မာနိုင်ငံ၏ငါးလုပ်ငန်းရေပြင်အတွင်း၌မိမိလုပ်ငန်းမှ အခြားရေယာဉ်များ၏ အမည်၊ လိုင်စင်နံပါတ် ၊ ရောက်ရှိသည့်နေရာ၊ လုပ်ကိုင်သည့်လုပ်ငန်း၊

(ခ) ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်၏အမည်နှင့်နေရပ်လိပ်စာ၊

(ဂ) မြန်မာနိုင်ငံငါးလုပ်ငန်းရေပြင်အတွင်း ငါးများ၊ ငါးဖမ်းကိရိယာများလွှဲပြောင်းခြင်း၊ ပေးပို့ခြင်း ၊ လက်ခံခြင်း ၊ သယ်ယူခြင်း ၊ ငါးများအား ပြုပြင်မွမ်းမံခြင်း ၊

(ဃ) ပြည်တွင်းဆိပ်ကမ်းတစ်ခုခုတွင် ငါးများနှင့် ငါးဖမ်းကိရိယာများအားတင်ခြင်း၊ ချခြင်း၊ လွှဲပြောင်းခြင်း ၊

(င) ပြည်တွင်းဆိပ်ကမ်းတစ်ခုခုတွင် ရေယာဉ်ပြင်ဆင်ခြင်း ၊

(စ) ပြည်တွင်းဆိပ်ကမ်းတစ်ခုခုတွင် ငါးလုပ်ငန်းဆိုင်ရာအဆောက်အဦများထားရှိခြင်း ၊

(ဆ) ရေယာဉ်ပေါ်တွင်နိုင်ငံသားရေလုပ်သားနှင့်နိုင်ငံသားရေယာဉ်အမှုထမ်းများခန့်ထားခြင်း ။

၆။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၅ ပါ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ လိုအပ်ပါက လျှောက်ထားသူအား ထပ်မံစုံစမ်း မေးမြန်းနိုင်သည်။

၇။ ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားသည့်လုပ်ငန်းကိုခွင့်ပြုလျှင် ၎င်းလုပ်ငန်းအတွက်လုပ်ငန်းပမာဏ၊ အချိန်ကာလ၊ နေရာဒေသ၊ စည်းကမ်းချက်များနှင့်အတူလိုင်စင်ခ၊ ငါးဖိုခွန်၊ အာမခံကြေး၊ မှတ်ပုံတင်ကြေးများကိုတစ်ပါတည်း သတ်မှတ်၍လုပ်ငန်းရှင်အားပေးဆောင်စေရန်အကြောင်းကြားရမည်။

၈။ ညွှန်ကြားရေးမှူးချုပ်သည်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်းလုပ်ငန်းရှင်အား အကြောင်းကြားရာ၌ အောက်ပါစည်းကမ်းချက်များ သို့မဟုတ် အချက်များကိုတစ်ပါတည်း သတ်မှတ်ပေးနိုင်သည် —

(က) အာမခံကြေး၊ ဒဏ်ကြေးများ ပေးသွင်းရမည့် နည်းလမ်းနှင့်ကတိဝန်ခံချက်များ ထားရှိစေခြင်း၊

(ခ) ငါးလုပ်ငန်း လုပ်ကိုင်ရာတွင်လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဂ) ရေယာဉ်စစ်ဆေးခံရမည့်ဆိပ်ကမ်း သို့မဟုတ် နေရာဒေသ သတ်မှတ်ပေးခြင်း၊

(ဃ) နိုင်ငံသား ရေလုပ်သားများနှင့်နိုင်ငံသား ရေယာဉ်အမှုထမ်းများ ခန့်ထားရာတွင်လိုက်နာရမည့်အချက်များ သတ်မှတ်ပေးခြင်း၊

(င) ဦးစီးဌာနကခွင့်ပြုသည့်သင်တန်းသားများနှင့်သုတေသနပြုသူများ၊ လေ့လာသူများအား ရေယာဉ်ပေါ်တွင်လိုက်ပါစေရန်သတ်မှတ်ပေးခြင်း၊

(စ) ဦးစီးဌာနနှင့်ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနတို့ကသတ်မှတ်ထားသည့်အတိုင်း ရေယာဉ်အမှတ်အသားများကိုထားရှိစေခြင်း၊

(ဆ) ရေကြောင်းလမ်းပြကိရိယာ၊ ဆက်သွယ်ရေးကိရိယာများ အပြင်အန္တရာယ်လုံခြုံမှုပစ္စည်းကိရိယာ၊ အသက်ကယ်နှင့် မီးသတ် ကိရိယာများကိုသတ်မှတ်ချက်များနှင့်အညီပြည့်စုံစွာထားရှိရန် နှင့်ယင်းကိရိယာများအစဉ်အမြဲအသုံးပြုနိုင်သည့်အဆင့်တွင် ရှိစေခြင်း၊

(ဇ) ဦးစီးဌာနကသတ်မှတ်ပေးထားသော စစ်ဆေးရေးမှတ်တမ်း၊ ငါးဖမ်းမှတ်တမ်း၊ ရေယာဉ်မှတ်တမ်း၊ နိုင်ငံတကာလက်ခံ ကျင့်သုံးနေသည့်အချက်ပြဆက်သွယ်ရေးသင်္ကေတစာအုပ် စသည် တို့ကို ရေယာဉ်တွင်ထားရှိစေခြင်း၊

(ဈ) ငါးဖမ်းကိရိယာများ ရေယာဉ်ပေါ်တွင်ထားသိုမှု နှင့် ယင်းတို့အားသုံးစွဲနေစဉ်ကာလအတွင်းထားရှိရမည့်နည်းလမ်း များသတ်မှတ်ပေးခြင်း၊

(ည) တားမြစ်ထားသည့်ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာ၊ ငါးအမျိုးအစားနှင့်ငါးအရွယ်အစားကိုသတ်မှတ်ပေးခြင်း၊

(ဋ) ဖမ်းဆီးခြင်းမပြုရန်တားမြစ်ထားသည့်နေရာဒေသနှင့် အချိန်ကာလကိုသတ်မှတ်ပေးခြင်း၊

(ဌ) ဆက်သွယ်သတင်းပို့ရန်နည်းလမ်းများသတ်မှတ်ပေးခြင်း၊

(ဍ) သတ်မှတ်ထားသောဆိပ်ကမ်း သို့မဟုတ် နေရာဒေသများသို့ ရေယာဉ်ဝင်ရောက်သည့်အခါ၌ ရေယာဉ်၊ ရေယာဉ်အမှုထမ်း နှင့်ပတ်သက်သောသက်သေခံလက်မှတ်နှင့်အထောက်အထားများ ပြည့်စုံစွာထားရှိစေခြင်း၊

(ဎ) အခြားလိုက်နာရမည့်အချက်များသတ်မှတ်ပေးခြင်း။

## အခန်း(၄)

## အခွန်အခများ၊ ဘဏ်အပ်ငွေ၊ ဒဏ်ကြေးနှင့်ဒဏ်ငွေများ ပေးဆောင်ခြင်း

၉။ ညွှန်ကြားရေးမှူးချုပ်သည် ရေယာဉ်တစ်စီးချင်းအတွက်ဖြစ်စေ ၊ လုပ်ငန်းတစ်ခုလုံးအတွက်ဖြစ်စေလုပ်ငန်းရှင်က ပေးဆောင်ရမည့်လိုင်စင်ခ သတ်မှတ်ရာတွင် အောက်ပါအချက်များ အပေါ်အခြေပြု၍ သတ်မှတ်ရမည် —

(က) ငါးလုပ်ငန်း အမျိုးအစား နှင့်ပမာဏ၊

(ခ) အပိုဒ် ၄ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) ပါလုပ်ငန်းသဘာဝ၊

(ဂ) ရေယာဉ်မှတ်ပုံတင်ထားသည့်စုစုပေါင်း တန်ချိန်၊

(ဃ) ရေယာဉ်အင်ဂျင်မြင်းကောင်ရေအား ၊

(င) ငါးဖမ်းနည်း ၊

(စ) ဖမ်းဆီးမည့်အချိန်ကာလ၊ ငါးဖမ်းကွက်၊ ငါးအမျိုးအစား နှင့်အလေးချိန်၊

(ဆ) ငါးဖမ်းကိရိယာအမျိုးအစား၊အရေအတွက် နှင့်အထောက်အကူပြုပစ္စည်းများ ၊

(ဇ) ပုံစံ(က)၊ (က-၁)တို့နှင့်အတူ လျှောက်ထား ဖော်ပြသော အချက်အလက်များ ။

၁၀။ လုပ်ငန်းရှင်သည်ဦးစီးဌာနသို့ပေး ဆောင်ရန်ရှိသောအောက်ပါ အခွန်အခများကို အကြောင်းကြားစာရရှိပြီး (၁၅) ရက်အတွင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီမြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ ပေးသွင်းရမည် —

(က) လိုင်စင်ခ၊

(ခ) ငါးဦခွန်၊

(ဂ) အာမခံကြေး ၊

(ဃ) မှတ်ပုံတင်ကြေး ၊

(င) အခြားကျသင့်ငွေများ ။

၁၁။ လုပ်ငန်းရှင်သည် ကျသင့်သော အခွန်အခများကို ပေးသွင်းပြီးပါက ညွှန်ကြားရေးမှူးချုပ်က လုပ်ကိုင်ခွင့်ပြုသည့် လုပ်ငန်းပမာဏနှင့် စည်းကမ်းချက်များကို သဘောတူညီကြောင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၁၂။ လုပ်ငန်းရှင်သည် မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်ပါက လိုင်စင်ကို ဦးစီးဌာနသို့ (၁၅) ရက်အတွင်း ပြန်လည် ပေးအပ်ရမည်။ သို့ရာတွင် ပေးရန်ရှိသော အခွန်အခများနှင့် အခြား ကျသင့်ငွေများကို အပြည့်အဝ ပေးသွင်းရမည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်က ဥပဒေပုဒ်မ ၁၆ အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများကို နိုင်ငံခြားငွေဖြင့် သတ်မှတ်သည့်နေ့ရက်အတွင်း လုပ်ငန်းရှင်သည် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ဘဏ်အပ်ငွေစာဖြင့် အပြည့်အဝ ပေးသွင်းရမည်။

၁၄။ လုပ်ငန်းရှင်သည် ဥပဒေပုဒ်မ ၁၆ အရ ညွှန်ကြားရေးမှူးချုပ်က တပ်ရိုက်သည့် ဒဏ်ကြေးကို မကျေနပ်၍ ဝန်ကြီးထံ အယူခံဝင်ရောက်ပါက ယင်းဒဏ်ကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထားကို အယူခံလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၁၅။ ဥပဒေအခန်း (၁၀) အရ တရားရုံးက တပ်ရိုက်သည့် ဒဏ်ငွေများကို ပြစ်မှုကျူးလွန်သူသည် သတ်မှတ်ပေးသည့် နည်းလမ်းအတိုင်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် သို့မဟုတ် သတ်မှတ်သည့်ဘဏ်တွင် မြန်မာကျပ်ငွေနှင့် ညီမျှသော နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၁၆။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် သို့မဟုတ် သတ်မှတ်သည့်ဘဏ်သည် ဦးစီးဌာန သို့မဟုတ် တရားရုံး၏ ညွှန်ကြားချက်အရ လုပ်ငန်းရှင် သို့မဟုတ် ပြစ်မှုကျူးလွန်သူတို့က နိုင်ငံခြားငွေဖြင့် ပေးသွင်းသော အခွန်အခ၊ ဒဏ်ကြေး၊ ဘဏ်အပ်ငွေ၊ ဒဏ်ကြေး သို့မဟုတ် ဒဏ်ငွေများကို လက်ခံရရှိပြီးပါက ယင်းအထောက်အထားနှင့်အတူ ဦးစီးဌာန သို့မဟုတ် တရားရုံးသို့ [illegible] အကြောင်းကြားရမည်။

၁၇။ မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ် သို့မဟုတ် သတ်မှတ်သည့်ဘဏ် သည် အပိုဒ် ၁၆ အရလက်ခံရရှိသော နိုင်ငံခြား ငွေနှင့်စပ်လျဉ်း၍အာမခံ ကြေး နှင့် ဘဏ်အပ် ငွေမှအပ အခြား လက်ခံရရှိသော ငွေနှင့်ညီမျှသည့်မြန်မာ ကျပ်ငွေ ကို ဦးစီးဌာန သို့မဟုတ် တရားရုံး သို့လွှဲပြောင်းပေး ရမည်။

၁၈။ ဦးစီးဌာနသည် နိုင်ငံခြား ငွေဖြင့်ရရန်ရှိသောအခွန်အခများ၊ ဘဏ်အပ်အပ်ငွေ၊ ဒဏ်ကြေး နှင့်ဒဏ်ငွေများ လက်ခံရယူခြင်း၊ ပြန်လည်ထုတ်ပေးခြင်း မြန်မာကျပ်ငွေဖြင့်လွှဲပြောင်းပေးခြင်း တို့နှင့်စပ်လျဉ်း၍ တရားရုံး ချုပ်၊ မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ်တို့နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

## အခန်း(၅)

## လိုင်စင်ထုတ်ပေးခြင်း

၁၉။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၁၁ အရ လုပ်ငန်းရှင်က ဆောင်ရွက်ပြီးကြောင်း တင်ပြလာသည့်အခါ စိစစ်ပြီး လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်တို့အား လက်မှတ်ရေးထိုး၍ ရေယာဉ်ကနဦး စစ်ဆေးခြင်း ခံရမည့် ဆိပ်ကမ်း သို့မဟုတ် နေရာဒေသရှိ သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

၂၀။ ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၁၉ အရ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်း ရေပြင်အတွင်းသို့ ရေယာဉ်ဝင်ရောက်နိုင်ရန် ခွင့်ပြုမိန့်တစ်စောင်ကို လုပ်ငန်းရှင်အား ပေးအပ်ရမည်။

၂၁။ ရေယာဉ်စစ်ဆေးခံရမည့်ဆိပ်ကမ်း သို့မဟုတ် နေရာဒေသတွင် သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့က စစ်ဆေးပြီး လိုင်စင်နှင့်ပူးတွဲပါ စည်းကမ်းချက်များနှင့် ကိုက်ညီလျှင် ဦးစီးဌာနမှူးက လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်တို့ကို ရေယာဉ်မှူးကို ထုတ်ပေးရမည်။ ရေယာဉ်ဝင်ရောက်နိုင်ရန် ထုတ်ပေးထားသော ခွင့်ပြုမိန့်ကို ဦးစီးဌာနမှူးက ပြန်လည်သိမ်းဆည်းရမည်။

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာကို လေ့လာခြင်း၊ စိစစ်ခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် အကြောင်းတစ်စုံတစ်ရာ မပြဘဲငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း (၆)
## လိုင်စင်နှင့်ပူးတွဲပါစည်းကမ်းချက်များပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း

၂၃။ လုပ်ငန်းရှင်သည်ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲလိုင်စင်နှင့်ပူးတွဲပါစည်းကမ်းချက်များအား ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း မပြုရ။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည်လိုင်စင်နှင့်ပူးတွဲပါစည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ အချို့ကိုဖြစ်စေပြင်ဆင်ပြောင်းလဲရန်ရှိလျှင်သော်လည်းကောင်း၊ လုပ်ငန်းရှင်ကပြင်ဆင်ပြောင်းလဲခွင့်ပြုရန်တင်ပြလာလျှင်သော်လည်းကောင်း [illegible] ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်။ ညှိနှိုင်းရန်လုပ်ငန်းရှင်ထံစာဖြင့် အကြောင်းကြားသော်လည်း လုပ်ငန်းရှင်ကလာရောက်ရန် ပျက်ကွက်လျှင် ညွှန်ကြားရေးမှူးချုပ်ကလိုအပ်သလိုအမိန့်ချမှတ်နိုင်သည်။ ယင်းအမိန့်ကိုလုပ်ငန်းရှင်ထံစာဖြင့်အကြောင်းကြားရမည်။

၂၅။ အပိုဒ် ၂၄ အရလိုင်စင်နှင့်ပူးတွဲပါစည်းကမ်းချက်များကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း ပြုလျှင်လုပ်ငန်းရှင်သည် (၇) ရက်အတွင်း မိမိ လုပ်ငန်းများ ရှိရာသို့အကြောင်းကြားခြင်းနှင့်လိုက်နာစေခြင်းတို့အတွက်တာဝန်ယူရမည်။

## အခန်း( ၇)

## လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း

၂၆။ သွန်ကြားရေးမှူး ချုပ်သည်ဥပဒေပုဒ်မ ၁၃ အရ လိုင်စင် ကို ဆိုင်းငံ့ခြင်း ၊ ရုပ်သိမ်းခြင်း ၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်လျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် —

(က) မည်သည့်အကြောင်း ကြောင့်မည်သည့်နေ့ရက် မှ စ၍ လိုင်စင်ကိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း ၊ ရုပ် စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကိုလုပ်ငန်းရှင်ထံ စာ ဖြင့် အကြောင်းကြားရမည်၊

(ခ) လိုင်စင်ကိုဆိုင်းငံ့ပါကမည်သည့်နေ့ရက်အထိဆိုင်းငံ့ကြောင်း ထည့်သွင်း ဖော်ပြရမည်။

၂၇။ သွန်ကြားရေးမှူး ချုပ်သည်ဥပဒေ ပုဒ်မ ၁၈ ပုဒ်မခွဲ (က) အရလိုင်စင်ကိုပြန်လည်ရုပ်သိမ်း ရာတွင်လုပ်ငန်း ရှင်ထံ စာဖြင့်အကြောင်းကြား ရမည်။

၂၈။ သွန်ကြားရေးမှူး ချုပ်ကလိုင်စင်ကိုဆိုင်းငံ့ခြင်း ၊ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်လျှင် ရေယာဉ်မှူး သည် သတ်မှတ်သည့် ဆိပ်ကမ်း သို့မဟုတ် နေရာဒေသတွင်လိုင်စင်ကို( ၁၅) ရက်အတွင်း ပြန်လည်အပ်နှံခြင်း မပြုဘဲလုပ်ငန်းကို ဆက်လက် လုပ်ကိုင် နေကြောင်း စစ်ဆေး တွေ့ရှိ ရပါက ဥပဒေပုဒ်မ ၃၀ အရအရေးယူခြင်း ခံရမည်။

## အခန်း(၈)

## လိုင်စင်ပြန်လည်ထုတ်ပေးခြင်း

၂၉။ ဩန်ကြား ရေး မှူး ချုပ်သည်ဥပဒေပုဒ်မ ၁၃ အရ လိုင်စင်ကို ဆိုင်းငံ့ထားသည့်ကာလကုန်ဆုံးပြီး နောက်လုပ်ငန်း ရှင်ကပြန်လည် လျှောက်ထား လာလျှင်ဖြစ်စေ၊ ပုဒ်မ ၁၈ ပုဒ်မခွဲ(ခ)အရရုပ်သိမ်းထားသည့် လိုင်စင်ကို လုပ်ငန်း ရှင် ကပြန်လည် လျှောက်ထားလာလျှင်ဖြစ် စေ စိစစ်၍ပြန်လည် ထုတ်ပေး နိုင်သည်။

၃၀။ ဝန်ကြီး ၏အမိန့် သို့မဟုတ် ညွှန်ကြား ချက်ရရှိလျှင်ညွှန်ကြားရေး မှူး ချုပ် သည်ပုဒ်မ ၁၃ အရဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုထားသည့်လိုင်စင် သို့မဟုတ် ပုဒ်မ ၁၈ ပုဒ်မခွဲ(က)အရပြန်လည် ရုပ်သိမ်းခြင်း ပြုထားသည့်လိုင်စင်ကိုယင်း လုပ်ငန်း ရှင်အားပြန်လည်ထုတ် ပေး ရမည်။

## အခန်း(၉)

## သွန်ကြားရေးမှူးချုပ်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၁။ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့်ကိစ္စတွင်သွန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည် —

(က) ရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ၊ အခြားပစ္စည်းများနှင့် ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ လိုအပ်သလို စီမံခန့်ခွဲခြင်း၊

(ခ) အပိုဒ်ခွဲ(က)အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရသော ရေယာဉ်နှင့်ငါးဖမ်းကိရိယာများကို ရောင်းချရာတွင် နိုင်ငံခြားသို့ ရောင်းချခြင်းဖြစ်ပါက နိုင်ငံခြားငွေ အမျိုးအစားနှင့်တန်ဖိုး သတ်မှတ်ပေးခြင်း၊

(ဂ) အပိုဒ်ခွဲ(ခ)အရ ရောင်းချရာတွင်လိုအပ်ပါက အဖွဲ့ဖွဲ့၍ ဆောင်ရွက်စေခြင်း၊

(ဃ) လုပ်ငန်းရှင်အား သင့်လျော်သော ဒဏ်ကြေးကို သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေပြီး လုပ်ငန်းအား ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(င) ဒဏ်ကြေး မသတ်မှတ်သေးမီကာလတွင် လုပ်ငန်းရှင်က ရေယာဉ်ကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားလာလျှင် စိစစ်ပြီး သတ်မှတ်သည့်ဘဏ်အပ်ငွေကို နိုင်ငံခြားငွေဖြင့် လုပ်ငန်းရှင်အား ပေးသွင်းစေပြီး လျှောက်ထားသည့်အတိုင်း ခွင့်ပြုခြင်း၊ အားကိုးရပ်တွင် ခိုင်လုံသော ခံဝန်ဖြင့် ခွင့်ပြုခြင်း၊

(စ) လုပ်ငန်းရှင်အပေါ် ချမှတ်ထားသည့် ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို သတ်မှတ်သည့် ရက်အတွင်း အပြည့်အဝ ပေးဆောင်စေရန် သွန်ကြားခြင်း၊

(ဆ) အပိုဒ်ခွဲ (စ) အရသတ်မှတ်သည့်ရက်အတွင်း လုပ်ငန်းရှင်က ပေးဆောင်ရန်ရှိသောဒဏ်ကြေးငွေနှင့်အခြားကျသင့်ငွေများကို ပေးဆောင်ရန်ပျက်ကွက်ပါကလိုင်စင်ကိုယာယီဆိုင်းငံ့ခြင်း၊

(ဇ) အပိုဒ်ခွဲ (စ) အရပေးဆောင်ရန်ရှိသောဒဏ်ကြေးငွေနှင့် အခြားကျသင့်ငွေများကိုသတ်မှတ်သည့်ရက်ကျော်လွန်ပြီးမှ ပေးဆောင်ခြင်းဖြစ်ပါကရက်လွန်ကြေးကိုပါထပ်မံပေးဆောင်စေခြင်း၊

(ဈ) လုပ်ငန်းရှင်သည်ပေးဆောင်ရန်ရှိသောဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကိုပေးဆောင်ခြင်းမရှိသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်းမရှိပါကအယူခံကာလကုန်ဆုံးပြီး နောက် (၃) ရက်အတွင်းလုပ်ငန်းအတွက်တင်သွင်းထားသော အာမခံကြေးမှဦးစီးဌာနကရရန်ရှိသောဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကိုနုတ်ယူပြီးလိုင်စင်ကိုပယ်ဖျက်ခြင်း။

၃၂။ ဥပဒေပုဒ်မ ၃၀ အရဝန်ကြီးကချမှတ်သည့်ဆုံးဖြတ်ချက်နှင့် အညီ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ပိုင်ခွင့်များရှိသည် —

(က) အပိုဒ် ၃၁ အပိုဒ်ခွဲ (စ) အရပေးသွင်းထားသော ဒဏ်ကြေးငွေရှိပါကယင်းဒဏ်ကြေးငွေမှ ဝန်ကြီးက ဆုံးဖြတ်သောဒဏ်ကြေးငွေနှင့်အခြားကျသင့်ငွေများကို နုတ်ယူခြင်း၊ အကယ်၍မလုံလောက်ပါက ပေးသွင်းထားသော အာမခံကြေးမှရရန်ရှိသောဒဏ်ကြေးငွေကိုနုတ်ယူခြင်း။

(ခ) အပိုဒ် ၃၁ အပိုဒ်ခွဲ (စ) အရပေးသွင်းထားသော ဒဏ်ကြေးငွေနှင့်ပေးသွင်းထားသောအာမခံကြေးမှ ရရန်ရှိသောဒဏ်ကြေးငွေကိုနုတ်ယူသော်လည်းမလုံလောက် သေးပါကလုပ်ငန်းရှင်အားကျန်ငွေများကိုသတ်မှတ်သည့် ရက်အတွင်းအပြည့်အဝပေးဆောင်စေရန်ညွှန်ကြားခြင်း။

(ဂ) အပိုဒ်(က) သို့မဟုတ် အပိုဒ်(ခ) အရ ရရန်ရှိသော ဒဏ်ကြေးငွေများကို အပြည့်အဝ မရရှိပါက ရေယာဉ်၊ ငါးဖမ်းကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ လိုအပ်သလို စီမံခန့်ခွဲခြင်း၊

(ဃ) ဒဏ်ကြေးငွေ ပေးဆောင်ရန် ပျက်ကွက်သော ရေယာဉ်၏ လိုင်စင်ကို ရုပ်သိမ်းခြင်း၊

(င) လုပ်ငန်းရှင်အား ထုတ်ပေးထားသော အခြား ရေယာဉ်များ၏ လိုင်စင်များကိုပါ ရုပ်သိမ်းခြင်း။

၁၃။ ညွှန်ကြားရေးမှူးချုပ်က လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်လျှင်ဖြစ်စေ၊ လုပ်ငန်းရှင်က လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လိုကြောင်း တင်ပြလာလျှင်ဖြစ်စေ လိုင်စင်ကို (၁၅) ရက်အတွင်း သတ်မှတ်သည့် ဆိပ်ကမ်း သို့မဟုတ် နေရာဒေသရှိ သက်ဆိုင်ရာဦးစီးဌာနမှူးထံ ပြန်လည်ပေးအပ်ရမည်။ ယင်းသို့ ပေးအပ်ရန် ပျက်ကွက်ပါက ပေးသွင်းထားသော အာမခံကြေးကို ညွှန်ကြားရေးမှူးချုပ်သည် လိုအပ်သလို စီမံခန့်ခွဲနိုင်သည်။

## အခန်း(၁၀)

## စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်း၊တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၄။ ဦးစီးဌာနသည်နိုင်ငံခြားသားဖြစ်စေ ရေယာဉ်များ ကဏ္ဍဥပဒေနှင့် အခြားတည်ဆဲဥပဒေများ ပါပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကိုသတ်မှတ်ပေးထားသည့်ဆိပ်ကမ်း သို့မဟုတ် နေရာဒေသများတွင်စစ်ဆေး နိုင်ရန်စစ်ဆေးရေးအဖွဲ့များကိုလိုအပ်သလိုဖွဲ့စည်းနိုင်သည်။

၃၅။ ဦးစီးဌာနသည်စစ်ဆေးရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် —

(က) သက်ဆိုင်ရာငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ကိုယ်စားလှယ်၊ - ဥက္ကဋ္ဌ

(ခ) ရေကြောင်းဦးစီးဌာနသို့မဟုတ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကိုယ်စားလှယ် ၊ - အဖွဲ့ဝင်

(ဂ) အကောက်ခွန်ဦးစီးဌာန၏ ကိုယ်စားလှယ် ၊ - အဖွဲ့ဝင်

(ဃ) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဦးစီးဌာန၏ကိုယ်စားလှယ်၊ - အဖွဲ့ဝင်

(င) ငါးလုပ်ငန်းဦးစီးဌာနမှဦးစီး ဌာနမှူး ၊ - အတွင်းရေးမှူး

၃၆။ ဦးစီးဌာနသည်အပိုဒ် ၃၅ အရစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းရာတွင် အဖွဲ့ဝင်ဦးရေကိုတိုးချဲ့ခြင်း၊ အခြားဦးစီးဌာနနှင့်အစိုးရအဖွဲ့လက်အောက်ခံ အဖွဲ့အစည်းများမှပုဂ္ဂိုလ်များကိုလည်းအဖွဲ့ဝင်အဖြစ်ထည့်သွင်းဖွဲ့စည်းခြင်းပြုနိုင်သည်။

၃၇။ စစ်ဆေးရေးအဖွဲ့ဝင်များသည် ရေယာဉ်၊ ရေယာဉ်ပေါ်ရှိပစ္စည်းများ၊ ရေယာဉ်ပေါ်လိုက်ပါလာသူများအား မိမိတို့ဌာနနှင့်သက်ဆိုင်သောဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်စည်းကမ်းချက်များအတိုင်း စစ်ဆေးရမည်။ ထိုသို့စစ်ဆေးရာတွင်တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိလျှင်လိုအပ်သလိုဆက်လက်အရေးယူဆောင်ရွက်ရမည်။

၃၈။ ရေယာဉ်၊ ရေယာဉ်ပေါ်ရှိပစ္စည်းများ၊ ရေယာဉ်ပေါ်လိုက်ပါလာသူများအား သက်ဆိုင်ရာဆိပ်ကမ်းသို့မဟုတ် နေရာဒေသတွင်စစ်ဆေးရေးအဖွဲ့က စစ်ဆေးရာ၌လိုင်စင်နှင့်ပူးတွဲပါစည်းကမ်းချက်များနှင့်ကိုက်ညီမှု မရှိကြောင်း တွေ့ရှိလျှင်ဦးစီးဌာနမှူးသည်လိုင်စင်ကိုထုတ်ပေးခြင်းမပြုသေးဘဲ လိုင်စင်နှင့်ပူးတွဲပါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်စေပြီးနောက်ဖြစ်စေ၊ ဦးစီးဌာန၏ထပ်မံညွှန်ကြားချက်ရှိလျှင်ဖြစ်စေလိုင်စင်ထုတ်ပေးရမည်။

၃၉။ စစ်ဆေးရေးအဖွဲ့က ရေယာဉ်ကိုစစ်ဆေးရာ၌လိုင်စင်နှင့်ပူးတွဲပါစည်းကမ်းချက်များနှင့်ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသော်လည်း ရေယာဉ်ပေါ်လိုက်ပါလာသူများနှင့်ပတ်သက်၍တည်ဆဲဥပဒေတစ်ရပ်ရပ်အရအရေးယူရန် ပေါ်ပေါက်လာသည့်ကိစ္စတွင်ဦးစီးဌာနကလုပ်ကိုင်ခွင့်ပြုသည့်ငါးလုပ်ငန်းနှင့်ပတ်သက်ခြင်း မရှိပါကဦးစီးဌာနမှူးသည်လိုင်စင်ကိုထုတ်ပေးနိုင်သည်။ သို့ရာတွင်ပြစ်မှုကျူးလွန်သူကိုယင်း ရေယာဉ်ပေါ်တွင်ဆက်လက်လိုက်ပါခွင့်မပြုရ။

၄၀။ ရေယာဉ်အားစစ်ဆေးပြီး ကျေနပ်မှုရှိပါကအဖွဲ့ဝင်းတိုင်းကစစ်ဆေးရေးမှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုး၍ ရေယာဉ်ကိုငါးဖမ်းကွက်သို့ထွက်ခွာခွင့်ပြုရမည်။ စစ်ဆေးရေးမှတ်တမ်းစာအုပ်မိတ္တူအား ရေယာဉ်ပေါ်တွင်ထားရှိပြီး မူရင်းစာအုပ်ကိုဦးစီးဌာနမှူးကသိမ်းဆည်းထားရမည်။

၄၁။ ရေယာဉ်သည်ငါးဖမ်းရန်ထွက်ခွာပါသည်ဆိုပါက ဦးစီးဌာနမှူးသည် လိုင်စင်၊ အင်ဂျင်ပုံတင်လက်မှတ်၊ မှတ်တမ်းစာအုပ်နှင့်ဦးစီးဌာနကဖြည့်စွက်ရန် သတ်မှတ်ထားသည့်ပုံစံများကိုထုတ်ပေးရမည်။

၄၂။ ရေယာဉ်သည်ပြည်ပသို့ထွက်ခွာသွားမည်ဆိုပါက စစ်ဆေးရေးအဖွဲ့ဝင်များ ကင်းစစ်ဆေးပြီးနောက်ဦးစီးဌာနကထုတ်ပေးထားသောလိုင်စင်၊ အင်ဂျင်ပုံတင်လက်မှတ်၊ မှတ်တမ်းစာအုပ်နှင့်ဦးစီးဌာနကဖြည့်စွက်ရန်သတ်မှတ်ထားသည့်ပုံစံများကိုဦးစီးဌာနမှူးကပြန်လည်သိမ်းဆည်းထားရမည်။ ယင်းရေယာဉ်သည်မြန်မာနိုင်ငံငါးလုပ်ငန်းရေပြင်မှထွက်ခွာသွားခြင်းဖြစ်ကြောင်းကိုဦးစီးဌာနမှူးက ထောက်ခံချက်တစ်စောင်ထုတ်ပေးရမည်။

၄၃။ လိုင်စင်သက်တမ်းကုန်ဆုံးပါက ရေယာဉ်ပေါ်ရှိမှတ်တမ်းစာအုပ်မှအပကျန်ကိုဦးစီးဌာနမှူးကပြန်လည်သိမ်းယူထားရမည်။ လိုင်စင်သစ်ဖြင့်ဆက်လက်လုပ်ကိုင်မည်ဆိုပါကအဆိုပါစာအုပ်ကိုပြန်လည်အသုံးပြုရမည်။

## အခန်း(၁၁)

## စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့်အရေးယူခြင်း

၄၄။ ဦးစီးဌာန၏ဦးစီးဌာနမှူးများ အပြင်အစိုးရအဖွဲ့ ကအခါအား လျော်စွာအမိန့်ကြော်ငြာစာထုတ်ပြန်၍စစ်ဆေးရေးမှူး၏လုပ်ပိုင်ခွင့်အပ်နှင်း ခြင်းခံရသောတပ်မတော်အရာရှိများနှင့်အခြား ဦးစီးဌာနမှအရာရှိများ သည်လည်း စစ်ဆေးရေးမှူးများဖြစ်သည်။

၄၅။ ရေယာဉ်အား ရှာဖွေခြင်းနှင့်စစ်ဆေးခြင်းပြုနိုင်ရန်စစ်ဆေး ရေးမှူးသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် —

(က) ရေယာဉ်အား ရပ်တန့်ရန်အင်္ဂလိပ်အက္ခရာလုံး “L” အမှတ်အသားကိုအလံ သို့မဟုတ် အသံ သို့မဟုတ် မီးပြသို့မဟုတ်အခြား နည်းဖြင့်ဆက်သွယ်၍ ရပ်တန့်စေခြင်း၊

(ခ) ထွက်ပြေးသော ရေယာဉ်ကိုပင်လယ်ပြင်ဥပဒေ အရအပြည်ပြည် ဆိုင်ရာ ရေပြင်အတွင်း လိုက်လံဖမ်းဆီးခြင်း။

၄၆။ စစ်ဆေးရေးမှူးသည်လိုအပ်ပါကမြန်မာနိုင်ငံငါးလုပ်ငန်းရေပြင် အတွင်း ရေယာဉ်ရှိနေသမျှကာလပတ်လုံး ရေယာဉ်ပေါ်သို့တက်၍စစ်ဆေးနိုင် သည်။

၄၇။ စစ်ဆေးရေးမှူးသည် ရေယာဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် —

(က) ရေယာဉ်ပေါ်တက်ရောက်ခြင်း၊

(ခ) ရှာဖွေခြင်း၊

(ဂ) စစ်ဆေးမေးမြန်းခြင်း၊

(ဃ) စာရွက်စာတမ်းများ နှင့်မှတ်တမ်းများ ကိုတောင်းယူ ကြည့်ရှုခြင်း၊ ကူးယူခြင်း၊

(င) ဓါတ်ပုံရိုက်ယူခြင်း၊

(စ) ငါး ဖမ်းကိရိယာများ၊ ငါးများကိုစစ်ဆေးခြင်း၊ လိုအပ် ပါကငါးဖမ်းကိရိယာများအား ရေထဲမှဖော်ယူစစ်ဆေးခြင်း၊

(ဆ) ဆက်သွယ်ရေး ကိရိယာများ၊ ရေကြောင်းလမ်းပြကိရိယာများ ကောင်းမွန်ခြင်းရှိ မရှိ စစ်ဆေးခြင်းနှင့်အသုံးပြုခြင်း၊

(ဇ) ရေယာဉ်မှူးနှင့် ရေယာဉ်ပေါ်ပါသူများအားလိုအပ်သလို ညွှန်ကြားခြင်း၊

(ဈ) လိုအပ်ပါက ရေယာဉ်ကိုဆိပ်ကမ်း သို့မဟုတ် နေရာဒေသတစ်ခုခုတွင် ခေါ်ယူစစ်ဆေးခြင်း။

၄၈။ စစ်ဆေးရေးမှူးသည် ပိုင်ရှင်နှင့်ပူးတွဲပါစည်းကမ်းချက်များကို ရေယာဉ်က လိုက်နာခြင်းရှိ မရှိ စစ်ဆေးရမည်။ စစ်ဆေးပြီးပါက ရေယာဉ်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးရမည်။

၄၉။ ရေယာဉ်မှူးနှင့် ရေယာဉ်အမှုထမ်းများသည် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ပိုင်ရှင်နှင့်ပူးတွဲပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သည်ဟု စစ်ဆေးရေးမှူးက စစ်ဆေးတွေ့ရှိလျှင် ယင်းရေယာဉ်နှင့်ရေယာဉ်ပေါ်တွင်ပါရှိသောငါးဖမ်းကိရိယာများ၊ ငါးများ၊ အခြားပစ္စည်းများ၊ ငွေများကိုသိမ်းဆည်းနိုင်သည်။ ဖောက်ဖျက်ကျူးလွန်သူများကို ဖမ်းဆီးနိုင်သည်။

၅၀။ ပုဒ်မ ၄၉ အရသိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်း ပြုရာ၌ သတ်မှတ်သည့်ရှာဖွေပုံစံပေါ်တွင်ပြည့်စုံစွာရေးသွင်းပြီး ခိုင်လုံသောသက်သေခံအထောက်အထားများကိုရယူထားရမည်။

၅၁။ သက်သေခံပစ္စည်းများကိုသိမ်းဆည်းရာ၌ သက်သေလူကြီး နှစ်ဦးရှေ့မှောက်တွင် သေချာစွာစာရင်းကောက်ယူ ပြုလုပ်ရမည်။ ထိုသို့သိမ်းဆည်းရာ၌ ရှာဖွေပုံစံပေါ်တွင် ရေယာဉ်မှူးနှင့် သက်သေနှစ်ဦးအား လက်မှတ်ရေးထိုးစေရမည်။ သိမ်းဆည်းသည့်ရှာဖွေပုံစံမိတ္တူတစ်စောင်ကို ရေယာဉ်မှူးအားပေးအပ်ရမည်။

၅၂။ ပုဒ်မ ၄၉ အရသက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းနှင့် ဖြစ်မှုကျူးလွန်သူများကိုဖမ်းဆီးခြင်း ပြုသည့်ကိစ္စတွင် စစ်ဆေးရေးမှူးသည် ညွှန်ကြားရေးမှူးချုပ်ထံ အချက်အလက်အပြည့်အစုံဖြင့်အမြန်ဆုံး သတင်းပေးပို့ရမည်။

၁၃။ စစ်ဆေးရေးမှူးသည်ယာယီထိန်းသိမ်းထားသော ရေယာဉ်နှင့်ပြစ်မှုကျူးလွန်သူများကို အောက်ပါဆိပ်ကမ်း တစ်ခုခုသို့ ခေါ်ဆောင်သွားပြီး ဦးစီးဌာနမှူးထံ ရေယာဉ်၊ ဇယားများ၊ ရှာဖွေပုံစံများ၊ ပြစ်မှုကျူးလွန်ကြောင်း အထောက်အထားများ နှင့်အတူ ပေးအပ်ရမည် —

(က) ကော့သောင်း၊

(ခ) မြိတ်၊

(ဂ) ထားဝယ်၊

(ဃ) မော်လမြိုင်၊

(င) ရန်ကုန်၊

(စ) ငပုတော၊ ဟိုင်းကြီးကျွန်း၊

(ဆ) သံတွဲ၊

(ဇ) ကျောက်ဖြူ၊

(ဈ) စစ်တွေ၊

(ည) ဦးစီးဌာနက ခါအားလျော်စွာ သတ်မှတ်သည့်ဆိပ်ကမ်း သို့မဟုတ် နေရာဒေသ

၁၄။ ဦးစီးဌာနမှူးသည်ထိန်းသိမ်းထားရှိသော ရေယာဉ်၊ ငါးဖမ်း ကိရိယာများ၊ ရေယာဉ်ပေါ်ရှိပစ္စည်းများ နှင့်ပြစ်မှုကျူးလွန်သူများ [illegible] [illegible] [illegible] နှင့် ချုပ်ကိုင်မှု [illegible] ညွှန်ကြားချက်အတိုင်းဆက်လက် ဆောင်ရွက်ရမည်။

၁၅။ ဥပဒေပုဒ်မ ၃၁ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ဦးစီးဌာနမှူးသည် ရေယာဉ်၊ ရေယာဉ်ပေါ်ရှိပစ္စည်းများ ကိုဖမ်းဆီး စီမံခန့်ခွဲမှုအောက်တွင်ထားရှိပြီး ဥပဒေအရလည်းကောင်း၊ အခြားငြိစွန်းသည့် [illegible] ရေးပိုင်ဆိုင်သောပြစ်မှုများ အရလည်းကောင်း သက်ဆိုင်ရာတရားရေး [illegible] ဆောင်ရွက်နိုင်ရန်ပြစ်မှုကျူးလွန်သူများကိုရဲစခန်း သို့အမြန်ဆုံး လွှဲအပ်၍အမှုဖွင့် ပြီး တရားစွဲဆိုရမည်။

၁၆။ ဥပဒေပုဒ်မ ၃၁ မှ အပအခြား ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်သည့် ကိစ္စတွင်ဦးစီးဌာနမှူး သည် ရေယာဉ်၊ ရေယာဉ်ပေါ်ရှိပစ္စည်း များကိုဖမ်းဆီး စီမံခန့်ခွဲမှုအောက်တွင်ထားရှိပြီး လုံခြုံမှုအတွက်ပြည်သူ့ရဲစခန်းတွင်အကူအညီ တောင်းခံနိုင်သည်။

၅၇။ ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့်အရေးယူသည့်ကိစ္စတွင် ရေယာဉ်မှူး နှင့် ရေယာဉ်အမှုထမ်းများသည် နိုင်ငံကူးလက်မှတ်နှင့်ပြည်ဝင်ခွင့်ဗီဇာရရှိထားသူများ မဟုတ်ပါကယင်းတို့အား ကုန်းပေါ်တွင်ထားရှိမည့်နေရာဒေသ၊ အချိန်ကာလနှင့်ပြန်လည်ထွက်ခွာမည့် နေ့ရက်တို့နှင့်စပ်လျဉ်း၍ဦးစီးဌာနမှူးသည်လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးဌာန နှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

၅၈။ စစ်ဆေးရေးမှူး သို့မဟုတ် ဦးစီးဌာနမှူးသည်သိမ်းဆည်းထားသောငါး နှင့်အခြား လွယ်ကူစွာပျက်စီးနိုင်သောပစ္စည်းများကိုအဖွဲ့ဖွဲ့၍ ဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီထုခွဲရောင်းချပြီး ရောင်းရငွေကို တော်အပ်ငွေအဖြစ် ပေးသွင်းရမည်။

## အခန်း (၁၂)

## လုပ်ငန်းရှင်၊ ရေယာဉ်မှူး လိုက်နာရမည့်အချက်များ

၅၉။ လုပ်ငန်းရှင်နှင့် ရေယာဉ်မှူးတို့သည် လိုင်စင်နှင့်ပူးတွဲပါစည်းကမ်းများကို လိုက်နာရမည်။

၆၀။ လုပ်ငန်းရှင်သည် ညွှန်ကြားရေးမှူးချုပ်ထံမှ ရေယာဉ်ဝင်ရောက်ရန် ခွင့်ပြုမိန့်ရရှိပါကယင်း အမိန့်ကို မိမိ ရေယာဉ်သို့ ပေးပို့ပြီး ခွင့်ပြုမိန့်တွင်သတ်မှတ်ထားသည့် နေ့ရက်အတွင်းသက်ဆိုင်ရာဆိပ်ကမ်း သို့မဟုတ် နေရာဒေသသို့ ရေယာဉ် စစ်ဆေးခံရန်ဝင်ရောက်စေရမည်။

၆၁။ ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့်ကိစ္စနှင့် စပ်လျဉ်း၍လာရောက်ဖြေရှင်းရန်ဦးစီးဌာနကလုပ်ငန်းရှင်ထံစာဖြင့်အကြောင်းကြားပြီးသတ်မှတ်သည့်နေ့ရက်အတွင်း လာရောက်ဖြေရှင်းရမည်။အကယ်၍လာရောက်ဖြေရှင်းရန်ပျက်ကွက်ပါကလုပ်ငန်းရှင်၏မျက်ကွယ်တွင်ညွှန်ကြားရေးမှူးချုပ် က ဥပဒေပုဒ်မ ၁၆ အရအမိန့်ချမှတ်နိုင်သည်။

၆၂။ လုပ်ငန်းရှင်သည်ဥပဒေပုဒ်မ ၁၆ အရညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်ဒဏ်ကြေးငွေနှင့်အခြားကျသင့်ငွေများကိုသတ်မှတ်သည့်နေ့ရက်အတွင်းနိုင်ငံခြားငွေဖြင့်မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင်ဘဏ်အပ်ငွေအဖြစ်ပေးသွင်းရမည်။

၆၃။ လုပ်ငန်းရှင်သည်လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့်အမိန့်စာလက်ခံရရှိလျှင် (၁၅) ရက်အတွင်းလိုင်စင်ကိုဦးစီးဌာနကသတ်မှတ်သည့်ဆိပ်ကမ်း သို့မဟုတ် နေရာဒေသနှင့်သက်ဆိုင်ရာဦးစီးဌာနအား ထံပြန်လည်အပ်နှံစေရန် ရေယာဉ်မှူးထံအမြန်ဆုံးအကြောင်းကြားရမည်။

၆၄။ လုပ်ငန်းရှင်သည် ရေယာဉ်မြန်မာနိုင်ငံငါးလုပ်ငန်းရေပြင်အတွင်း သို့ဝင်ရောက်သည့်အခါဖြစ်စေ၊ ထွက်ခွာသည့်အခါဖြစ်စေ အောက်ပါအချက်များနှင့် အတူ (၄၈) နာရီကြိုတင်၍ ဦးစီးဌာနသို့အကြောင်းကြားရမည် —

(က) ရေယာဉ်အမည်၊

(ခ) လုပ်ငန်းရှင်အမည်နှင့်ပိုင်ရှင်အမည်၊

(ဂ) ရေယာဉ်မှတ်ပုံတင်အမှတ်နှင့်နိုင်ငံ၊

(ဃ) ရေယာဉ်အမျိုးအမည်၊

(င) ရေယာဉ်၏ထင်ရှားသောအမှတ်အသား၊

(စ) ရေယာဉ်ပေါ်တွင်ပါရှိသောလူဦးရေ၊

(ဆ) ရေယာဉ်ပေါ်တွင်ပါရှိသောငါးဖမ်းကိရိယာအမျိုးအစား နှင့်အရေအတွက်၊

(ဇ) ငါးနှင့်အခြားပစ္စည်းများ၊

(ဈ) ရေယာဉ်ဝင်ထွက်မည့်လမ်းကြောင်း၊ နေ့ရက်နှင့်အချိန်၊

(ည) ရေယာဉ်စစ်ဆေးခံရန်ဝင်ရောက်မည့်ဆိပ်ကမ်း၊ နေရာဒေသ၊ ရောက်ရှိမည့်နေ့ရက်နှင့်အချိန်။

၆၅။ ရေယာဉ်မှူးသည် —

(က) လိုင်စင်အရခွင့်ပြုထားသော ငါးလုပ်ငန်းများကိုသတ်မှတ်ထားသည့်နည်းစနစ်များနှင့်အညီဆောင်ရွက်ရမည်၊

(ခ) ဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ (ဂ) အရပြုထားရှိရမည့် မှတ်တမ်းများကိုနေ့စဉ်ရေးသွင်းရမည်။ ယင်းမှတ်တမ်းများကိုဦးစီးဌာနမှူး သို့မဟုတ် စစ်ဆေးရေးမှူးက တောင်းခံလာပါကပေးအပ်ရမည်၊

(ဂ) ဦးစီးဌာနမှထုတ်ပေးထားသည့်စစ်ဆေးရေးမှတ်တမ်း စာအုပ်ကိုကောင်းစွာထိန်းသိမ်းထားရမည်၊

(ဃ) ဦးစီးဌာနမှူး သို့မဟုတ် စစ်ဆေးရေးမှူး ကညွှန်ကြားလျှင် ရေယာဉ်သည်သက်ဆိုင်ရာဆိပ်ကမ်း သို့မဟုတ် နေရာဒေသ သို့ စစ်ဆေးမှုခံယူရန်သွားရောက်ရမည်။

(င) စစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူး တို့ကတာဝန်များ ချောမောစွာဆောင်ရွက်နိုင်ရန်ယင်းတို့၏လိုအပ်ချက်များ အတိုင်း ကူညီဆောင်ရွက်ပေးရမည်။

(စ) သက်ရှိသက်မဲ့သယံဇာတပစ္စည်းများ မပြုန်းတီးစေရေးနှင့် ရေညစ်ညမ်းမှုမဖြစ်စေရေးအတွက်ပင်လယ်ပြင်ဥပဒေနှင့် တည်ဆဲဥပဒေများ ပါပြဋ္ဌာန်းချက်များကိုလိုက်နာဆောင်ရွက်ရမည်။

(ဆ) ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ သို့မဟုတ်မူးယစ်စေတတ်သည့် ပစ္စည်းများဖြင့်လည်းကောင်း၊ ရေနေသတ္တဝါများ၊အပင်များနှင့်ပတ်ဝန်းကျင်ကိုပျက်စီးစေနိုင်သည့်ပစ္စည်းများ ဖြင့်လည်းကောင်း၊ လျှပ်စစ်ဓါတ်လွှတ်၍လည်းကောင်းငါးဖမ်းခြင်း မပြုရ။

(ဇ) အောက်ပါငါးများကိုဖမ်းဆီးခြင်းမပြုရ —

(၁) ပင်လယ်လိပ်ကြီးများ၊ ယင်းတို့၏ဥများ၊

(၂) ပုလဲမုတ်ကောင်များ၊

(၃) ဥရှိသော ကျောက်ပုဇွန်တုပ်ကြီးများ၊

(၄) ရေနေနို့တိုက်သတ္တဝါများ၊

(၅) ဦးစီးဌာနကအခါအားလျော်စွာဖမ်းဆီးခြင်းမပြုရဟုတားမြစ်ထားသောငါးများ၊

(ဈ) ရေယာဉ်သည်လိုင်စင်ရယူရန်မြန်မာနိုင်ငံငါးလုပ်ငန်း ရေပြင်အတွင်းသို့ဝင်ရောက်လာသည်

သက်ဆိုင်ရာမှ စစ်ဆေးလျှင် ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးထားသော ရေယာဉ်ဝင်ရောက်ရန် ခွင့်ပြုမိန့်အား ထုတ်ပြရမည်၊

(ည) အပိုဒ် ၃၁ အပိုဒ်ခွဲ (စ) အရ လိုင်စင်ကို ယာယီဆိုင်းငံ့ထားပါက ယင်းရေယာဉ်သည် သတ်မှတ်သည့် ဆိပ်ကမ်း သို့မဟုတ် နေရာဒေသသို့ သွားရောက်စစ်ဆေးမှု ခံယူပြီး လိုင်စင်ကို ဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံ၍ မြန်မာနိုင်ငံ ငါးလုပ်ငန်း ရေပြင်အတွင်းမှ သတ်မှတ်သည့် နေ့ရက်အတွင်း ထွက်ခွာသွားရမည်၊

(ဋ) ဥပဒေပုဒ်မ ၂၄ အရ မိမိရေယာဉ်ရှိ စစ်ဆေးရေးမှူး၊ သုတေသနပြုသူများ၊ လေ့လာသူများနှင့် သင်တန်းသားများ၏ အန္တရာယ်ကင်းရှင်းရေး အတွက်လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သော လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်နိုင်ရန်နှင့် စားသောက်နေထိုင်ရေး တို့အတွက်လည်းကောင်း ကောင်းမွန်စွာ ထာဝန်ယူဆောင်ရွက်ရမည်။

၆၆။ ငါးဖမ်းကွက်တွင် ရောက်ရှိနေသော ရေယာဉ်သည် ရာသီဥတုဆိုးရွားသည့်အခါ ဦးစီးဌာနက သတ်မှတ်ပေးထားသည့် နေရာဒေသသို့ သွားရောက်ခိုလှုံနိုင်သည်။ ယင်းသို့ ခိုလှုံရာတွင် ရေယာဉ်မှူးသည် ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၁၃)

## သုတေသနပြုခြင်း

၆၇။ လုပ်ငန်းရှင်ကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဂ)အရငါးလုပ်ငန်းသုတေသနများကိုမြန်မာနိုင်ငံငါးလုပ်ငန်းရေပြင်အတွင်း၌ဆောင်ရွက်လိုလျှင်ညွှန်ကြားရေးမှူးချုပ်ထံခွင့်ပြုမိန့်လျှောက်ထားရမည်။

၆၈။ အပိုဒ် ၆၇ အရ လျှောက်ထားလာပါကညွှန်ကြားရေးမှူးချုပ်သည်စိစစ်၍ခွင့်ပြုရန်သင့်လျော်ပါကအကြံပြုချက်၊ မှတ်ချက်တို့နှင့်အတူဝန်ကြီးထံတင်ပြ၍သဘောတူညီချက်ရယူရမည်။

၆၉။ ဝန်ကြီး၏သဘောတူညီချက်ရရှိလျှင်ညွှန်ကြားရေးမှူးချုပ်သည်လျှောက်ထားသည့်ငါးလုပ်ငန်းသုတေသနနှင့်စပ်လျဉ်း၍လိုအပ်သောစည်းကမ်းချက်များသတ်မှတ်ပေးပြီးလုပ်ကိုင်ခွင့်ပြုသည့်အမိန့်ထုတ်ပေးရမည်။

၇၀။ နိုင်ငံတော်အတွက်ပြုလုပ်ပေးသောငါးလုပ်ငန်းသုတေသနတွင်ဖြစ်စေ၊ နိုင်ငံတော်နှင့်ပူးပေါင်း၍ပြုလုပ်သောငါးလုပ်ငန်းသုတေသနတွင်ဖြစ်စေအသုံးပြုသောနိုင်ငံခြားရေယာဉ် သို့မဟုတ် နိုင်ငံခြားသုတေသနရေယာဉ်များသည်ဥပဒေအရလိုင်စင်ရယူခြင်း၊ မှတ်ပုံတင်ခြင်းနှင့် အခွန်အခပေးဆောင်ခြင်းတို့မှကင်းလွတ်ခွင့်ရှိသည်။

## အခန်း (၁၄)

## ကိုယ်စားလှယ်ခန့်ထားခြင်း

၇၁။ ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ လုပ်ငန်းရှင်သည် မိမိလုပ်ငန်းအတွက် ဆောင်ရွက်နိုင်မည့် တရားဝင်ကိုယ်စားလှယ်တစ်ဦးကို မြန်မာနိုင်ငံတွင်ထားရှိနိုင်သည်။ ယင်းသို့ခန့်ထားရာ၌ အဆိုပါကိုယ်စားလှယ်သည် လုပ်ငန်းရှင်၏ကိုယ်စား မည်သည့်တာဝန်များကို ဆောင်ရွက်နိုင်မည့်သူဖြစ်ကြောင်း လုပ်ငန်းရှင်က ဦးစီးဌာနသို့ စာဖြင့်အကြောင်းကြားရမည်။

၇၂။ ကိုယ်စားလှယ်သည် မိမိလုပ်ငန်းရှင်နှင့် လွယ်လင့်တကူ ဆက်သွယ်နိုင်သူဖြစ်ရမည်။

၇၃။ လုပ်ငန်းရှင်သည် ငွေကြေးဆိုင်ရာကိစ္စများနှင့် သဘောတူညီချက်ပေးရမည့်ကိစ္စရပ်များကို ကိုယ်တိုင်လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ယင်းကိစ္စရပ်များအတွက် ကိုယ်စားလှယ်အား လက်မှတ်ထိုးနိုင်ရန် အာဏာလွှဲအပ်ပါက ထိုသို့လွှဲအပ်ကြောင်းကို ကိုယ်စားလှယ်က လုပ်ငန်းရှင်ထံမှ အထောက်အထားရယူပြီး ဦးစီးဌာနသို့ တင်ပြရမည်။

၇၄။ ကိုယ်စားလှယ်သည် မြန်မာနိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ရမည်။ သို့ရာတွင် ပြည်ပမှ နိုင်ငံခြားသားသည် ပြည်ဝင်ခွင့်ဗီဇာနှင့် ယင်းကိစ္စအလို့ငှာ မြန်မာနိုင်ငံတွင် ယာယီနေထိုင်ခွင့် အမိန့်ကို ပါရှိလျှင် ယင်းနိုင်ငံခြားသားသည် မြန်မာနိုင်ငံတွင် လာရောက်၍ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်သည်။ အဆိုပါနိုင်ငံခြားသားသည် ငွေကြေးဆိုင်ရာကိစ္စများနှင့် သဘောတူညီချက်ပေးရမည့်ကိစ္စများတွင် လုပ်ငန်းရှင်ကိုယ်စား တရားဝင်လက်မှတ်ရေးထိုးနိုင်ရန် အာဏာကုန်လွှဲအပ်ခြင်းခံရသူ ဖြစ်စေရမည်။

## အခန်း(၁၅)

### မိတ္တူလျှောက်ထားခြင်း

၇၅။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၁၇ အရ လိုင်စင် ပျက်စီး ပျောက်ဆုံးသွားသည့်ကိစ္စတွင်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခု ကြောင့်လိုင်စင်မိတ္တူရယူလိုသည့်ကိစ္စတွင်ဖြစ်စေ လုပ်ငန်းရှင်ကလျှောက်ထားလျှင် ဒိခင်၍သတ်မှတ်သည့်နိုင်ငံခြားငွေပေးသွင်းစေပြီး လိုင်စင်မိတ္တူထုတ်ပေး နိုင်သည်။

၇၆။ လုပ်ငန်းရှင် သို့မဟုတ် ရေယာဉ်မှူးသည်အပိုဒ် ၇၅ အရ လိုင်စင်မိတ္တူထုတ်ယူပြီး နောက် ပျောက်ဆုံးသွားသည့်လိုင်စင်မူရင်းကိုပြန်လည် တွေ့ရှိပါကသက်ဆိုင်ရာဦးစီးဌာနမှူးထံမူရင်းကိုပြန်လည်အပ်နှံရမည်။

၇၇။ ရေယာဉ်ပေါ်ရှိစင်းအား ရေးမှတ်တမ်းစာအုပ်ပျောက် ဆုံးသွားပါက ရေယာဉ်မှူးသည်ဦးစီးဌာနကသတ်မှတ်သည့်ဒဏ်ကြေး ငွေ ပေးဆောင်လျှင်မိတ္တူကူးယူခွင့်ရှိသည်။

## အခန်း(၁၆)

## ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးခြင်း

၇၈။ ဦးစီးဋ္ဌာနသည် ဥပဒေပုဒ်မ [illegible] အရဖြစ်စေ၊ ပုဒ်မ ၁၄ အရဖြစ်စေ၊ ပုဒ်မ ၄၇ ပုဒ်မခွဲ(ခ) အရဖြစ်စေ လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုပါက ပေးဆောင်ထားသော လိုင်စင်ခနှင့် ငါးစိုခွန်ငွေများ အနက်စိစစ်၍ကျသင့်သည့်အခွန်အခနှင့်အခြားကျသင့်ငွေများ နှုတ်ယူပြီး ပြန်အမ်းငွေကိုနိုင်ငံခြားငွေဖြင့်လုပ်ငန်းရှင်ကိုပြန်လည်ထုတ်ပေးရမည်။ ထို့ပြင်လုပ်ငန်းရှင်ကပြန်လည်ရရန်ရှိသောအာမခံကြေးကိုလည်း စိစစ်၍ နိုင်ငံခြားငွေဖြင့်ပြန်လည်ထုတ်ပေးရမည်။

၇၉။ ဦးစီးဋ္ဌာနသည် ဥပဒေပုဒ်မ ၁၃ အရလိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ပါကလိုင်စင်ခ၊ ငါးစိုခွန်နှင့်မှတ်ပုံတင်ကြေးများကိုလုပ်ငန်းရှင်အား ပြန်လည်ထုတ်ပေးခြင်း မပြုရ။ ယင်းသို့ဆောင်ရွက်ရာတွင်အာမခံကြေး မှဒဏ်ကြေး၊ ရရန်ရှိသောငါးစိုခွန်နှင့်အခြားကျသင့်ငွေများကိုနှုတ်ယူ၍ ပိုငွေရှိပါကလုပ်ငန်းရှင်က လျှောက်ထားလာလျှင်ပြန်လည်ထုတ်ပေးရမည်။

၈၀။ ဦးစီးဋ္ဌာနကလုပ်ငန်းရှင်အား နိုင်ငံခြားငွေများကိုပြန်လည်ထုတ်ပေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် —

(က) ဦးစီးဋ္ဌာနသည်မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ လုပ်ငန်းရှင်အား ပြန်လည်ထုတ်ပေးရမည့်နိုင်ငံခြားငွေအမျိုးအစားနှင့် တန်ဖိုးကိုထုတ်ပေးရန်စာဖြင့် အကြောင်းကြားရမည်။ ယင်းအကြောင်းကြားစာမိတ္တူတစ်စောင်ကိုလုပ်ငန်းရှင်ကိုပေးအပ်ရမည်။ ကျန်မိတ္တူတစ်စောင်ကိုရုံးလက်ခံအဖြစ်ထားရှိရမည်၊

(ခ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည်အပိုဒ်ခွဲ (က) ပါအကြောင်းကြားစာကိုလက်ခံရရှိလျှင်လုပ်ငန်းရှင်ကတင်ပြသည့်အကြောင်းကြားစာမိတ္တူနှင့်တိုက်ဆိုင်စစ်ဆေးပြီး ကွဲလွဲမှုမရှိပါကပြန်လည်ထုတ်ပေးရမည့်နိုင်ငံခြားငွေကိုလုပ်ငန်းရှင်တို့အားထုတ်ပေးရမည်။ ထိုသို့ထုတ်ပေးပြီး အကြောင်းကိုဦးစီးဌာနသို့စာဖြင့်အကြောင်းကြားရမည်။

၁၁။ (က) မူလတရားရုံးကချမှတ်ခဲ့သောဒဏ်ငွေကိုအယူခံမှုတွင်ပြင်ဆင်ပြောင်းလဲပါကပြစ်မှုကျူးလွန်သူအားပြန်လည်ထုတ်ပေးရန်ရှိသောဒဏ်ငွေကိုတရားရုံးလုပ်ထုံးလုပ်နည်းများ၊ တရားရုံးချုပ်၏ညွှန်ကြားချက်များအတိုင်းမြန်မာကျပ်ငွေနှင့်ညီမျှသောနိုင်ငံခြားငွေဖြင့်ပြန်လည်ထုတ်ပေးရန်ယင်းဒဏ်ငွေလက်ခံရယူခဲ့သောဘဏ်သို့မူလတရားရုံးကအကြောင်းကြားရမည်၊

(ခ) မူလတရားရုံးကချမှတ်ခဲ့သောဒဏ်ငွေကိုဦးစီးဌာနကမကျေနပ်၍ပြစ်ဒဏ်ကိုတိုးမြှင့်ပေးရန်လျှောက်ထားသည့်ပြင်ဆင်မှုတွင်သက်ဆိုင်ရာတရားရုံးကဒဏ်ငွေတိုးမြှင့်ချမှတ်လျှင်ပြစ်မှုကျူးလွန်သူသည်ထပ်မံပေးဆောင်ရန်ရှိသောဒဏ်ငွေကိုမြန်မာကျပ်ငွေနှင့်ညီမျှသောနိုင်ငံခြားငွေဖြင့်ပေးဆောင်ရမည်။

၁၂။ မူလတရားရုံးသည်ဒဏ်ငွေပြန်လည်ထုတ်ပေးခြင်းသို့မဟုတ် ထပ်မံပေးဆောင်သောဒဏ်ငွေလက်ခံရရှိခြင်းတို့ကိုဆောင်ရွက်ပြီး အကြောင်းထက်ဆိုင်ရာတရားရုံးနှင့်ဦးစီးဌာနသို့အကြောင်းကြားရမည်။

# အခန်း(၁၇)

## အထွေထွေ

၈၃။ မည်သည့်ရေယာဉ်မဆိုမြန်မာနိုင်ငံငါးလုပ်ငန်း ရေပြင်အတွင်းရောက်ရှိနေလျှင်ဖြစ်စေ၊ လိုင်စင်ရရေယာဉ်များသည်ခွင့်ပြုထားသည့်ငါးဖမ်းကွက်ပြင်ပတွင်ရောက်ရှိနေလျှင်ဖြစ်စေငါးဖမ်းကိရိယာများကိုအောက်ပါအတိုင်းထားသိုခြင်းမပြုပါကဥပဒေပုဒ်မ ၅၂ အရငါးဖမ်းသည်ဟုမှတ်ယူခြင်းခံရမည် —

(က) ငါးဖမ်းကိရိယာများကိုရေယာဉ်ပေါ်တွင်ရှိနေစေပြီးကုန်းပတ်အောက်တွင်လည်းကောင်း၊ အသုံးမပြုနိုင်သည့်နေရာသို့ရွှေ့ပြောင်း၍လည်းကောင်းသိမ်းဆည်းထားပြီးဖြစ်ခြင်း၊

(ခ) ပိုက်များ၊ ပိုက်ဖွင့်တံခါးများ၊ အလေးများ၊ ငါးမှားချိတ်များကြိုးများကိုစက်များ၊ ကြိုးများမှဖြုတ်ထားပြီးဖြစ်ခြင်း၊

(ဂ) ရေယာဉ်ကုန်းပတ်ပေါ်တွင်ရှိသည့်အထောက်အကူပြုငါးဖမ်းကိရိယာများကိုရေယာဉ်ကိုယ်တည်နှင့်ခိုင်မြဲစွာချည်နှောင်ထားပြီးဖြစ်ခြင်း၊

၈၄။ (က) လိုင်စင်မိတ္တူလိုကြောင်းလျှောက်ထားသဖြင့်ဦးစီးဌာနကလိုင်စင်မိတ္တူထုတ်ပေးခဲ့သည့်ကိစ္စတွင်လိုင်စင်မူရင်းသည်ပျက်ပြယ်သည်။ အဆိုပါလိုင်စင်မူရင်းကိုင်ဆောင်၍မည်သူမဆိုငါးလုပ်ငန်းကိုလုပ်ကိုင်နေကြောင်းစစ်ဆေးတွေ့ရှိလျှင်ဥပဒေပုဒ်မ ၃၈ အရအရေးယူခြင်းခံရမည်၊

(ခ) လိုင်စင်မူရင်းကိုအခြားသူတစ်ဦးတစ်ယောက်အားလွှဲပြောင်းပေးပြီးလိုင်စင်မိတ္တူလျှောက်ထားသည့်ကိစ္စဖြစ်လျှင်လွှဲပြောင်းပေးသူသည်ဥပဒေပုဒ်မ ၄၅ အရအရေးယူခြင်းခံရမည်။

၈၅။ စစ်ဆေးရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနအဖွဲ့ သို့မဟုတ် စစ်ဆေးရေးအဖွဲ့သည်လိုင်စင်ရရှိထားသောရေယာဉ်ကိုခွင့်ပြုထားသောငါးဖမ်းကွက်ပြင်ပတွင်ငါးဖမ်းနေကြောင်းစစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း၊ ခွင့်ပြုထားခြင်းမရှိသောငါးဖမ်းကိရိယာများ၊ သတ်မှတ်ချက်နှင့်မညီသောငါးဖမ်းကိရိယာများကို

လက်ဝယ်ထားရှိကြောင်းစစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း၊ ရေယာဉ်ပေါ်တွင်တွေ့ရှိသောငါးများအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တရားမဝင်ဖမ်းဆီးထားသောငါးများဟုမှတ်ယူ၍ယင်းငါးများကိုညွှန်ကြားရေးမှူး ချုပ်ကလိုအပ်သလိုစီမံခန့်ခွဲနိုင်သည်။

၈၆။ ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲလုပ်ငန်းရှင်သို့မဟုတ်ရေယာဉ်မှူးသည်ငါးအရှင်ကိုပြည်တွင်းမှပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှပြည်တွင်းသို့တင်သွင်းခြင်းမပြုရ။ အကယ်၍ထိုသို့တင်ပို့ခြင်း၊ တင်သွင်းခြင်းပြုလုပ်လိုပါကဦးစီးဌာန၏ခွင့်ပြုချက်ရရှိရေးအတွက်လျှောက်ထားရမည်။

၈၇။ နိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေအရအရေးယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ဤလုပ်ထုံးလုပ်နည်းများတွင်သတ်မှတ်ထားခြင်းမရှိလျှင်ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များအတိုင်းလိုက်နာဆောင်ရွက်နိုင်သည်။

ဗိုလ်ချုပ်ချစ်ဆွေ<br>
ဝန်ကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ<br>
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

စာအမှတ်၊ ၂/၁၆၀(က)/(၆၀၅ /၈၉-၉၀)<br>
ရက်စွဲ၊ ၁၉၈၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။

မိတ္တူကို -

(၁) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥက္ကဋ္ဌရုံး၊<br>
(၂) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး၊<br>
(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး၊<br>
(၄) ပြည်ထောင်စုမြန်မာနိုင်ငံတော်တရားရုံးချုပ်၊<br>
(၅) ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှေ့နေချုပ်ရုံး၊

(၆) ပြည်ထောင်စုမြန်မာနိုင်ငံတော်စာရင်းစစ်ချုပ်ရုံး၊

(၇) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ဝန်ကြီးဌာနအားလုံး၊

(၈) ပြည်နယ်/တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံးအားလုံး၊

(၉) မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံးအားလုံး၊

(၁၀) ဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာန/လုပ်ငန်းများအားလုံး၊
(ငါးလုပ်ငန်းဦးစီးဌာနမှအပ)

(၁၁) ငါးလုပ်ငန်းဦးစီးဌာန၊

(၁၂) ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့(ပြည်ထောင်စုမြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန်နှင့်ပုံနှိပ်ပြီးအပိုမိတ္တူ(၁၀၀)ကိုပေးပို့ပါရန်)။

အမိန့်အရ

(စိုးဝင်း)
ရုံးအဖွဲ့မှူး
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ပုံစံ (က)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
နိုင်ငံခြားငါးဖမ်းရေယာဉ်လိုင်စင်

အတွက်

လျှောက်လွှာပုံစံ

သို့

ညွှန်ကြားရေးမှူးချုပ်
ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၁။ ကျွန်ုပ်သည်ပြည်ထောင်စုမြန်မာနိုင်ငံ၏တည်ဆဲဥပဒေများကိုလိုက်နာလျက် သီးသန့်စီးပွားရေးဇုန်တွင်ငါးလုပ်ငန်းလုပ်ကိုင်ရန်လိုင်စင်လျှောက်ထားအပ်ပါသည်။ ရေယာဉ်နှင့်သက်ဆိုင်သည့်အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် —

(က) ရေယာဉ်၏အမည် ------------------------
(ခ) ရေယာဉ်မှတ်ပုံတင်သည့်ဆိပ်ကမ်းနှင့်နိုင်ငံ ------------
(ဂ) မှတ်ပုံတင်အမှတ် ------------------------
(ဃ) ရေယာဉ်ပိုင်ရှင်အမည်နှင့်နေရပ်လိပ်စာ ------------
(င) လုပ်ငန်းရှင်၏အမည်နှင့်နေရပ်လိပ်စာ ------------
(စ) ရေယာဉ်မှူးအမည်နှင့်နေရပ်လိပ်စာ ------------
(ဆ) အရာရှိဦးရေ ------------------------
(ဇ) သင်္ဘောသားဦးရေ ------------------------
(ဈ) ရေဒီယိုဆက်သွယ်ရေးသင်္ကေတ ------------------

၂။ ရေယာဉ်၊ ရေယာဉ်နှင့်အတူပါရှိသောပစ္စည်းကိရိယာများနှင့်ငါးဖမ်းကိရိယာများ၏အချက်အလက်များကိုပုံစံ (က-၁) ဖြင့်ဖော်ပြအပ်ပါသည်။

၃။ အောက်ပါလုပ်ငန်းများအတွက်လိုင်စင်လျှောက်ထားခြင်းဖြစ်ပါသည် —

(က) ငါးဖမ်းခြင်း (ပြု / မပြု)

၁။ ငါးအမျိုးအစား / ပမာဏ ------------------------

၂။ ငါးဖမ်း

(ခ) လွှဲပြောင်းခြင်း (ပြု/ မပြု)

၁။ ငါးအမျိုးအစား ၁၄ ------------------

၂။ ပမာဏ ------------------

(ဂ) သယ်ယူပို့ဆောင်ခြင်း (ပြု/ မပြု)

၁။ ငါးအမျိုးအစား ------------------

၂။ ပမာဏ ------------------

(ဃ) ပြုပြင်မွမ်းမံခြင်း (ပြု/ မပြု)

၁။ ငါးအမျိုးအစား ------------------

၂။ ပမာဏ ------------------

၄။ ကျွန်ုပ်သည်အထက်ဖော်ပြပါနိုင်ငံခြားငါးဖမ်းရေယာဉ်အတွက်လိုင်စင် လျှောက်ထားပါသည်။ ထိုသို့လျှောက်ထားရာ၌အထက်တွင်ဖော်ပြထားသည့် အချက်အလက်များမှာမှန်ကန်ပြည့်စုံကြောင်းဝန်ခံပါသည်။ ၁၉၈၉ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သောနိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပါ ပြဋ္ဌာန်းချက်များ၊ ယင်းဥပဒေအရထုတ်ပြန်သည့်နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ၊ လိုင်စင်နှင့် ပူးတွဲပါရှိသောစည်းကမ်းချက်များကိုလိုက်နာရန်သဘောတူညီပါသည်။

ရက်စွဲ၊ ၁၉------ ခုနှစ်၊ ------------------ လ ---------- ရက်

ကိုယ်စားလှယ်အမည်၊

လက်မှတ်၊

လိပ်စာ၊

လုပ်ငန်းရှင်အမည်၊

လက်မှတ်၊

လိပ်စာ၊

ပုံစံ(က-၁)

<u>ရေယာဉ်၏အသေးစိတ်အချက်အလက်များ</u>

၁။ ရေယာဉ်၏အမည် ----------------------------------------

၂။ ရေယာဉ်မှတ်ပုံတင်သည့်နိုင်ငံ ----------------------------------

၃။ မှတ်ပုံတင်အမှတ် ----- -----------------------------------

၄။ အမှတ်အသား ------------------------------------------

၅။ ရေယာဉ်အတိုင်းအတာ

(က) စုစုပေါင်းအလျား ------------------------ မီတာ

(ခ) အနက် ------------------------------ မီတာ

(ဂ) မှတ်ပုံတင်ထားသည့်စုစုပေါင်းတန်ချိန် ------------ တန်

၆။ ပင်မစက်အား

(က) ပင်မအင်ဂျင် --------- မြင်းကောင်ရေအား ----- အရေအတွက် --

(ခ) အရန်အင်ဂျင် --------- မြင်းကောင်ရေအား ----- အရေအတွက် --

(ဂ) အခြား ----------- မြင်းကောင်ရေအား ----- အရေအတွက် --

(ဃ) လောင်စာဆီပမာဏ --------------- တန်/ဂါလံ

(င) သောက်ရေပမာဏ --------------- တန်/ဂါလံ

၇။ ရေယာဉ်ကိုယ်ထည်အမျိုးအစား ---------------

၈။ ဆက်သွယ်ရေးကိရိယာ

(က) အမျိုးအစား ----------------------

(ခ) ဆက်သွယ်မှုသင်္ကေတ ------------------

(ဂ) အသံလှိုင်း

(၁) စတင်ဆက်သွယ်သည့် ----------------

(၂) အလုပ်လုပ်နိုင်သည့် ----------------

၉။ အသက်ကယ်ရေယာဉ်ပစ္စည်းကိရိယာ(တစ်ခုချင်း၏အရေအတွက်နှင့်အမျိုးအစား ဖော်ပြရန်)

(က) အလိုအလျောက်မောင်းနှင်သည့်ကိရိယာ ------------------

(ခ) ရေနက်တိုင်းကိရိယာ --------------------------

(ဂ) ရေထဲတွင်ရှာဖွေသည့်ကိရိယာ ----------------------

(ဃ) လမ်းညွှန်ကိရိယာ ---------------------------

(င) လမ်းကြောင်းပြကိရိယာ ----------

(ဆ) ကြိုးတိုလမ်း ကြောင်း ပြကိရိယာ ------------------------------

(ဇ) ရေဒါ ------------------------------

(ဈ) အခြား ------------------------------

၁၀။ ပြုပြင်မွမ်းမံသည့်စက်နှင့်ပစ္စည်း ကိရိယာ

(က) အမျိုး အစား ------------------------------

(ခ) အရေအတွက် ------------------------------

(ဂ) နေ့စဉ်လုပ်ကိုင်နိုင်သည့်ပမာဏ ------------------------------

(ဃ) သိုလှောင်နိုင်သည့်ပမာဏ ------------------------------

၁၁။ ငါး ဖမ်း ကိရိယာ

(က) အမျိုး အစား ------------------------------

(ခ) အချက်အလက် ( ပုံစံဖြင့် ) ------------------------------

------------------------------

(ဂ) အရေအတွက် ------------------------------

(ဃ) အပို ------------------------------

(င) အထောက်အကူ ( ဘောသီး ၊ ချိန်း ကြိုး စသည်ဖြင့် ) ------------------------------

------------------------------

ပုံစံ(က)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# နိုင်ငံခြားငါးဖမ်းရေယာဉ်လိုင်စင်

## အတွက်

## လျှောက်လွှာပုံစံ

သို့

ညွှန်ကြားရေးမှူးချုပ်

ငါးလုပ်ငန်းဦးစီးဌာန

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၁။ ကျွန်ုပ်သည်ပြည်ထောင်စုမြန်မာနိုင်ငံ၏တည်ဆဲဥပဒေများကိုလိုက်နာလျှက် သီးသန့်စီးပွားရေးဇုန်တွင်ငါးလုပ်ငန်းလုပ်ကိုင်ရန်လိုင်စင်လျှောက်ထားအပ်ပါသည်။ ရေယာဉ်နှင့်သက်ဆိုင်သည့်အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် —

(က) ရေယာဉ်၏အမည် ----------------------

(ခ) ရေယာဉ်မှတ်ပုံတင်သည့်ဆိပ်ကမ်းနှင့်နိုင်ငံ ------------

(ဂ) မှတ်ပုံတင်အမှတ် ----------------------

(ဃ) ရေယာဉ်ပိုင်ရှင်အမည်နှင့်နေရပ်လိပ်စာ ------------

(င) လုပ်ငန်းရှင်၏အမည်နှင့်နေရပ်လိပ်စာ ------------

(စ) ရေယာဉ်မှူးအမည်နှင့်နေရပ်လိပ်စာ ------------

(ဆ) အရာရှိဦးရေ ----------------------

(ဇ) သင်္ဘောသားဦးရေ ----------------------

(ဈ) ရေဒီယိုဆက်သွယ်ရေးသင်္ကေတ ----------------------

၂။ ရေယာဉ်၊ ရေယာဉ်နှင့်အတူပါရှိသောပစ္စည်းကိရိယာများနှင့်ငါးဖမ်းကိရိယာများ၏အချက်အလက်များကိုပုံစံ(က-၁)ဖြင့်ဖော်ပြအပ်ပါသည်။

၃။ အောက်ပါလုပ်ငန်းများအတွက်လိုင်စင်လျှောက်ထားရခြင်းဖြစ်ပါသည် —

(က) ငါးဖမ်းခြင်း (ပြု / မပြု)

၁။ ငါးအမျိုးအစား / ပမာဏ ----------------------

၂။ ငါးဖမ်းနည်း / ငါးဖမ်းကိရိယာ ----------------------

၃။ ငါးဖမ်းကာလ / [illegible]

(ခ) လွှဲပြောင်းခြင်း (ပြု/ မပြု)

၁။ ငါးအမျိုးအစား ------------------

၂။ ပမာဏ ------------------------

(ဂ) သယ်ယူပို့ဆောင်ခြင်း (ပြု/ မပြု)

၁။ ငါးအမျိုးအစား ------------------

၂။ ပမာဏ ------------------------

(ဃ) ပြုပြင်မွမ်းမံခြင်း (ပြု/ မပြု)

၁။ ငါးအမျိုးအစား ------------------

၂။ ပမာဏ ------------------------

၄။ ကျွန်ုပ်သည် အထက်ဖော်ပြပါ နိုင်ငံခြားငါးဖမ်းရေယာဉ်အတွက် လိုင်စင် လျှောက်ထားပါသည်။ ထိုသို့ လျှောက်ထားရာ၌ အထက်တွင် ဖော်ပြထားသည့် အချက်အလက်များမှာ မှန်ကန်ပြည့်စုံကြောင်း ဝန်ခံပါသည်။ ၁၉၈၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ယင်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လိုင်စင်နှင့် ပူးတွဲပါရှိသော စည်းကမ်းချက်များကို လိုက်နာရန် သဘောတူညီပါသည်။

ရက်စွဲ၊ ၁၉------ ခုနှစ်၊ ----------------လ ---------ရက်

ကိုယ်စားလှယ်အမည်၊

လက်မှတ်၊

လိပ်စာ၊

လုပ်ငန်းရှင်အမည်၊

လက်မှတ်၊

လိပ်စာ၊

## ရေယာဉ်၏အသေးစိတ်အချက်အလက်များ

၁။ ရေယာဉ်အမည် ------------------------------------------

၂။ ရေယာဉ်မှတ်ပုံတင်သည့်နိုင်ငံ ----------------------------------

၃။ မှတ်ပုံတင်အမှတ် ----- ---------------------------------

၄။ အမှတ်အသား ------------------------------------------

၅။ ရေယာဉ်အတိုင်းအတာ

(က) စုစုပေါင်းအလျား ---------------------- မီတာ

(ခ) အနက် ----------------------------- မီတာ

(ဂ) မှတ်ပုံတင်ထားသည့်စုစုပေါင်းတန်ချိန် ----------- တန်

၆။ ပင်မစက်အား

(က) ပင်မအင်ဂျင် --------- မြင်းကောင်ရေအား ----- အရေအတွက် --

(ခ) အရန်အင်ဂျင် --------- မြင်းကောင်ရေအား ----- အရေအတွက် --

(ဂ) အခြား ----------- မြင်းကောင်ရေအား ----- အရေအတွက် --

(ဃ) လောင်စာဆီပမာဏ ---------------- တန်/ဂါလံ

(င) သောက်ရေပမာဏ ---------------- တန်/ဂါလံ

၇။ ရေယာဉ်ကိုယ်ထည်အမျိုးအစား ---------------

၈။ ဆက်သွယ်ရေးကိရိယာ

(က) အမျိုးအစား ----------------------

(ခ) ဆက်သွယ်မှုသင်္ကေတ -------------------

(ဂ) အသံလှိုင်း

(၁) စတင်ဆက်သွယ်သည့် ----------------

(၂) အလုပ်လုပ်နိုင်သည့် ----------------

၉။ အီလက်ထရောနစ်ပစ္စည်းကိရိယာ (တစ်ခုချင်း၏အရေအတွက်နှင့်အမျိုးအစား ဖော်ပြရန်)

(က) အလိုအလျောက်မောင်းနှင်သည့်ကိရိယာ ------------------

(ခ) ရေနက်တိုင်းကိရိယာ ----------------------------

(ဂ) ရေထဲတွင်ရှာဖွေသည့်ကိရိယာ ----------------------

(ဃ) လမ်းညွှန်ကိရိယာ ----------------------------

(င) လမ်းကြောင်းပြကိရိယာ --------------------------

(စ) ငါးရှာကိရိယာ -----------------------------

(ဆ) ကြက်တုလမ်း ကြောင်း ပြကိရိယာ ----------------------------------------

(ဇ) ရေဒါ ----------------------------------------

(ဈ) အခြား ----------------------------------------

၁၀။ မြေပြင်မွမ်း မံသည့်စက်နှင့်ပစ္စည်း ကိရိယာ

(က) အမျိုး အစား ----------------------------------------

(ခ) အရေအတွက် ----------------------------------------

(ဂ) နေ့စဉ်လုပ်ကိုင် နိုင်သည့်ပမာဏ ----------------------------------------

(ဃ) သို လှောင် နိုင်သည့်ပမာဏ ----------------------------------------

၁၁။ ငါး ဖမ်း ကိရိယာ

(က) အမျိုး အစား ----------------------------------------

(ခ) အချက်အလက် ( ပုံစံဖြင့် ) ----------------------------------------

----------------------------------------

(ဂ) အရေအတွက် ----------------------------------------

(ဃ) အပို ----------------------------------------

(င) အထောက်အကူ ( ဘောသီး ၊ ချိန်း ကြိုး စသည်ဖြင့် ) ----------------------------------------

----------------------------------------